ရောင်းချရန်ကြော်ငြာစာ

( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ )

မဟာအောင်မြေခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၂၂

| | | | |
|---|---|---|---|
| သမဝါယမဘဏ်လီမိတက်<br>(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ- ဒေါ်စိုးစိုးသိန်း) | နှင့် | ၁။ ဦးလှအေး<br>၂။ ဒေါ်တင်ဝင်းမော်<br>၃။ မဝင်းပပအိရွှေ | ၄။ မဖြိုးမြတ်သူဇာ<br>၅။ မောင်လှဘုန်းခေါင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** | |

**မန္တလေးခရိုင်** တရားရုံးတော်၊ **တရားမကြီး** မှုအမှတ် - ၃၇၉ / ၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဇွန် လ၊ ၂၀ ရက်နေ့၊ နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

## <u>လေလံရောင်းချမည့် စည်းကမ်းချက်များ</u>

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံး သို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူ မည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည် အကြောင်း၊ လေလံဆွဲဝယ်မည့် သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့် ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင့်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူ က ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်း ရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူပိုင်ခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေ များကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ဖေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံ ရမည်။

၂၀၂၄ ခုနှစ်၊ မေလ (၁၄) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(စုစုလှိုင်)
ဒုတိယခရိုင်တရားသူကြီး(၁)
မဟာအောင်မြေခရိုင်တရားရုံး

<u>ပစ္စည်းစာရင်း</u>

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၂၆) ၊ ဦးပိုင် (၂၇-ဃ)၊ ဧရိယာ (၀,၀၀၆၂)ဧကနှင့် ဦးပိုင်(၂၈-က)၊ ဧရိယာ (၀.၀၂၆၂)ဧကရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်ခွဲတိုက်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်

| | |
|---|---|
| လေလံကြမ်းခင်းဈေးငွေကျပ်သိန်း | - ကျပ် (၁၀၀၀၀) သိန်း |
| အရောင်းကြော်ငြာပြန်သွင်းရန်နေ့ရက် | - (၂၀.၅.၂၀၂၄) |
| ရောင်းချမည့်နေ့ | - (၂၀.၆.၂၀၂၄) |
| ရောင်းချမှုအစီရင်ခံစာတင်ပြရန်နေ့ရက် | - (၂၁.၆.၂၀၂၄) |

<u>ကပ်ရန်</u>

၁။ မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း
၂။ မဟာအောင်မြေမြို့နယ်တရားရုံးကြော်ငြာသင်ပုန်း
၃။ ရွှေဘုန်းရှိန်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း
၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ
၅။ ရုံးလက်ခံ/အမှုတွဲလက်ခံ